

# အဆိပ်သင့်ပန်းသီး

ဇွဲ ယွန်း နောင်

သူမတို့ တွေ့နေကျ ဒီနေရာကလေးကိုရောက်တော့ မောင်က ထိုင်နေကျနေရာကလေးမှာ ပဲ သူမထက် အရင်ရောက်နှင့်နေပြီ။ ပြီးတော့ မောင်က သူမကြိုက်တတ်သော ဒီနေရာရောက်တိုင်း သောက်နေကျဖြစ်သော ပျားသံပုရာတစ်ခွက်နှင့် စားနေကျ ချောကလက်ခါးခါး ကိတ်ကလေးတစ်လုံးကိုလည်း မောင်က မှာ ပေးထား၏။

သူမကျေနပ်သော အပြုံးကလေးတစ်ခုအား ဖန်ဆင်းလိုက်ပြီးနောက်

"ရောက်နေတာကြာပြီလားမောင် ကျွန်မအရမ်းကြီးနောက်မကျပါဘူးနော်..."

မောင်က သူမအမေးကို ချက်ချင်းမဖြေသေး... သူမမျက်နှာကလေးအား ကျေနပ်စွာပြုံးပြီးကြည့်နေပြီးမှ

"ဟေသု နောက်မကျပါဘူး... နောက်ကျလည်း ဘာဖြစ်လဲ ဟေတုရယ် ကိုယ့်ဘဝတစ်သက်စာလုံးအတွက် လက်တွဲသွားရမယ့် လူတစ်ယောက်ကိုစောင့်ရတာ အဖိုးတန်ပါတယ် ပြီးတော့ ရင်ခုန်စိတ်လှုပ်ရှားစရာလည်း ကောင်းပါတယ်..."

သူမ မောင့်အား ချစ်မြတ်နိုးစွာဖြင့် ပြုံးပြလိုက်မိပါသည် ။

"ဟေသုကြိုက်တာလေးတွေတော့ မောင်မှာ ထားပြီးပြီ ဟေသု ဘာထပ်စားချင်သေးလဲပြောလေ မောင်မှာ ပေးမယ်"

"ရပါပြီမောင် ကျွန်မအတွက် လုံလောက်ပါပြီ မောင်ကရော ဘာမှ

ထပ်မမှာ တော့ဘူးလား..."

မောင်က မောင်သိပ်ကြိုက်တဲ့ ဘလက်ကော်ဖီခါးခါးကို သံပုရာသီးလေးနှင့်သာမှာ ထားသဖြင့် သူမ မေးလိုက်မိခြင်းပါ။

"မောင်စားပြီးပြီဟေသု အိမ်မှာ မေမေက မနက်က မုန့်ဟင်းခါးလုပ်တယ်လေ အဲဒါ အတင်းကျွေးလို့ စားလာခဲ့ရတာ..."

"မေမေ့ကိုတောင် သတိရ လာပြီ... ညနေကျောင်းဆင်းရင် မောင့်အိမ်ကို လိုက်ခဲ့ဦးမယ် မေမေနဲ့ လိုက်တွေ့မယ်လေ မေမေနေကောင်းတယ်မလားမောင်..."

"ကောင်းပါတယ် မေမေကတောင် ဟေသုအိမ်ကိုမလာတာကြာလို့ မေးနေသေးတယ် နင်တို့ ရန်ဖြစ်ထားကြသလားတဲ့ ... မဖြစ်ပါဘူး သားတို့ ကဖြစ်စရာလား ချစ်လို့ တောင်မဝသေးတာကိုလို့ ပြောလိုက်တော့ မေမေကရယ်နေတယ်..."

"ဟုတ်ပ မေမေကလည်း အိမ်ကို မောင်လိုက်မလာတာကြာတော့ မေးနေတယ် ရန်ဖြစ်ထားကြသလားတဲ့ ..."

"အင်း အဲဒါဆို ဟေသုတို့ အိမ်ကို မောင်မနက်ဖြန် လိုက်ခဲ့မယ်လေ ဒီနေ့ ဟေသု မောင်တို့ အိမ်ကိုလိုက်ခဲ့ပေါ့ ညစာစားပြီးမှ ပြန်လေနော်... ဟေသု့မေမေကို မောင့်မေမေနဲ့ ဖုန်းဆက်ခိုင်းလိုက်မယ် တော်ကြာ သူ့သမီးလေး အိမ်ပြန်နောက်ကျရင် စိတ်ပူနေမှာ စိုးလို့ ..."

"အင်း ကောင်းသားပဲမောင်...."

သူမတို့ နှစ်ယောက်သား ကန်တင်းထဲကဆိုင်ကလေးမှာ မုန့်တောင်မစားဖြစ်သေး စကားများ နေကြသည် ။ မင်းလုလင်ဆိုသောမောင်နှင့်မိုးဟေသုဆိုသော သူမတို့ နှစ်ယောက်က ဆရာမဂျူးရေးထားတဲ့ စာအု

ပ်ကလေးရဲ့ နာမည်လိုပါပဲ ဆုံနေရက်နဲ့ လွမ်းလေခြင်းပေါ့...။ တွေ့နေရရင်လည်း တစ်ယောက်မျက်နှာကလေးကိုတစ်ယောက် ရှုမဝကြပါဘူး ။ ကျောင်းမှာ လည်း အတန်းပါတူတယ်ဆိုတော့ ဆရာမစာသင်နေရင်တောင်မှ တစ်ယောက်ကိုတစ်ယောက် ခိုးခိုးကြည့်နေကြတာလေ။ ကိုယ်စီအိမ်ပြန်ရောက်ပြီဆိုရင်လည်း ဖုန်းတွေပြောကြတာ နားတွေမပြောနှင့် ဖုန်းတွေတောင်ပူသည် ။ သူငယ်ချင်းတွေကပြောတာတော့ နင်တို့နှစ်ယောက်က အော်ပရေတာတွေကို လုပ်ကျွေးနေကြတာတဲ့ ။ ဟုတ်တယ် ဘာဖြစ်သေးလဲ...။ အဲဒီပိုက်ဆံတွေဆိုတာ ကျွန်မတို့ အချစ်တွေလောက်မှ အရေးမကြီးတာလေ မောင် ဟုတ်တယ်မလား....။

သူမတို့ စကားပြောနေတုန်းမှာ ပဲ ဖုန်းလေးမြည်လာသဖြင့် အိပ်ကလေးထဲမှ သူမထုတ်လိုက်တော့

"ဟယ်... ဝိုင်တော့... မောင် ခဏလေးနော် ကျွန်မ သူနဲ့ စကားပြောလိုက်ဦးမယ် ဟယ်လိုဝိုင် ထူးထူးဆန်းဆန်း ရှင်ကျွန်မဆီဖုန်းမဆက်တာတောင်ကြာပြီ အခုမှ ဘာစိတ်ကူးပေါက်ရတာလဲ..."

"မိန်းမ နင့်ဆီငါဖုန်းဆက်တာပဲ သတိရလို့ ဆက်တာပေါ့ နေစမ်းပါဦး နင်ကငါ့ကို ရှင်နဲ့ ကျွန်မပြောနေပါလား နားကောလိုက်တာအေ... ခါတိုင်းလို နင်နဲ့ ငါပဲပြောစမ်းပါ..."

"မရတော့ဘူးဟ ငါနှုတ်ကျိုးနေပြီ... ငါသူများ တွေနဲ့ လည်း အဲဒီလိုပဲပြောတော့တာပဲ..."

"ကဲပါထားပါတော့ နင်အခုဘာလုပ်နေတာလဲ..."

"ကျောင်းမှာ လေ အတန်းချိန်ကစောသေးလို့ မောင်နဲ့ ထိုင်ပြီးမုန့်စားနေတာ..."

"အခု ဘေးနားမှာ နင့်ကောင်ရှိနေတာလား..."

"မောင်ပါဟ ကောင်မဟုတ်ပါဘူး..."

"ဟယ် မိပို နင့်လင်ဖြစ်လာမယ့် ယောကျ်ားတစ်ယောက်ကို နင်က မောင်လို့ ခေါ်တိုင်း ငါတို့ ပါလိုက်ခေါ်နေရမှာ လား..."

"အယ် အဲ့လိုလည်း မဟုတ်ပါဘူး ငါက မောင့်ကို ကောင်လို့ နာမ်စား သုံးတာ မကြိုက်လို့ ပါ..."

"တော်ပြီဟာ ငါနင့်ကို ဒီနေ့ကစပြီး မိပိုလို့ ပဲခေါ်တော့မယ်... ကဲပါ ငါမေးတာဖြေစမ်းပါ နင့်အဲဒီမောင်ဆိုတဲ့ အကောင် နင့်ဘေးမှာ အခုရှိနေသလားလို့ ..."

"ရှိသားပဲ..."

"ဒါဆို ငါအခု Video call ခေါ်လိုက်မယ် သူ့ကိုပြပါလား ငါမြင်ဖူးချင်လို့ ..."

"ဟယ် နင်ကပြောရဲလို့ လား...."

"အမ် ငါကဘာလို့ မပြောရဲရမှာ လဲ နင့်ကောင်ကို ငါမြင်ဖူးချင်လို့ ပေါ့ ငါ့ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးရဲ့ ချစ်သူကိုတော့ ငါမြင်ဖူးထားသင့်တယ်ထင်တယ်... ဟုတ်တယ်မလား..."

"အင်း နေဦး ငါ Video ဖွင့်လိုက်ဦးမယ်..."

"အင်း...."

မိုးဟေသု Video call ကိုဖွင့်လိုက်ပြီးနောက် ခုံကို မောင့်အနားလေးသို့ ဆွဲကပ်လိုက်ပြီး

"ဝိုင်က မောင့်ကိုမြင်ဖူးချင်လို့ တဲ့ ..."

မောင်က video call camera လေးကိုကြည့်ကာ နှစ်လိုဖွယ်ရာပြုံးပြတော့ ဝိုင်က ဘာမှ ပြန်မပြောဘဲ မောင့်ကို မှ င်သက်စွာ ငေးမောသွား၏ ။

"ဟိုင်း...."

မောင်က လက်ကလေးထောင်ပြကာ ပြုံး၍ အသံပြုလိုက်တော့မှ ဝိုင်က

"ဟိုင်း.... ရှင့်ကို မိုးဟေသု ရူးသွပ်တာလည်း မပြောနဲ့ ရှင်က သိပ်ကိုပြီးပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ခမ်းနားလှပမှုတွေကို ပိုင်ဆိုင်ထားတာပဲ..."

"အဟက်ဟက် ကျေးဇူးပါဗျာ အပြင်မှာ တွေ့တော့မှ ကျွန်တော် ဝိုင့်ကို မုန့်ကျွေးတော့မယ်"

"အမလေး ကျွန်မက မုန့်စားချင်လို့ မဟုတ်ပါဘူးနော် ရှင်က တကယ်ချောလို့ ချောတယ်ပြောတာ ကျွန်မမြင်ဖူးတဲ့ ယောကျ်ားလေးတွေထဲမှာ ရှင်က ဆွဲဆောင်မှုအရှိဆုံးပဲသိလား...."

"အဲဒါတောင် ကင်မရာထဲမှာ မို့လို့ နော် အပြင်မှာ မောင်က ပိုပြီးကြည့်လို့ ကောင်းတယ်...."

မိုးဟေသုက ကလေးဆန်ဆန်ပြောလိုက်ပေမယ့် ဝိုင့်မျက်လုံးတွေကို သူမနှစ်သက် မိန်းကလေးတစ်ယောက်က အခုမှ မြင်ဖူးတဲ့ ယောကျ်ားလေးတစ်ယောက်ကို ကြည့်တဲ့ အကြည့်က ရဲတင်းနေပြီး ညို့သလိုလိုဘာလိုလိုနဲ့ ကြည့်နေတာလေ....

အင်းလေ နိုင်ငံခြားမှာ အနေများ တဲ့ လူဆိုတော့လည်း ဒီလောက်တော့ရှိမှာ ပေ့ါ....။

"ကျွန်တော့်ကို ဟေသုက ရူးသွပ်တယ်လို့ ပြောရအောင် ဟေသုက ကျွန်တော့်အကြောင်းကို ဘာတွေများ ပြောထားလို့ လဲ..."

"ပြောတာပေါ့ ကျွန်မသူ့ကိုသတိရလို့ ဖုန်းဆက်တိုင်း ကျွန်မကို သတိရကြောင်း လွမ်းကြောင်းတစ်လုံးမှ မပါဘဲ ရှင့်အကြောင်းတွေပဲ ချီးမွမ်းခန်းတွေဖွင့်နေတာလေ ဘယ်လောက်အထိချစ်ကြောင်း လွမ်းကြောင်းပေါ့ ပြီးတော့ ရှင်က ဘယ်လိုဂရုစိုက်တယ်ဆိုတာကအစလေ အဲဒါကြောင့် သူသိပ်ကိုအမွန်းတင်နေတဲ့ သူ့ချစ်သူဟာ ဘယ်လိုလူမျိုးလဲဆိုတာ ကျွန်မမြင်ဖူးချင်ခဲ့တာ.... အင်းလေ သူရူးတာလည်း မဆန်းပါဘူး ရှင်ကတကယ်ပဲ ဆွဲဆောင်မှုရှိတာကိုး ပြီးတော့ ရှင်က ချောတယ်...."

ရှင်ကချောတယ်ဆိုတဲ့ စကားကို သူမ ကင်မရာကို တည့်တည့်ကြည့်ပြီးကို ပြောလိုက်တာပါ....။

"ဟုတ် ကျေးဇူးတင်ပါတယ် ဝိုင်လည်း ချောပါတယ်..."

"ကျွန်မချောတာ ကျွန်မသိပါတယ် ဒါပေမဲ့ ဟေသုလောက်တော့ ကျွန်မက ကံမကောင်းဘူး...."

"ဘာဖြစ်လို့ ...."

"ရှင့်လိုချောပြီး ချစ်သူကိုဂရုစိုက်တတ်တဲ့ ယောကျ်ားတစ်ယောက် ကျွန်မဘဝမှာ အတည်မတွေ့သေးလို့ ပေါ့...."

အတည်မတွေ့သေးလို့ ပေါ့တဲ့ ....။

"ကဲ တော်ပြီတော်ပြီ ဖုန်းဘေကုန်တယ်ဝိုင် ငါကလေ င့ါဖုန်းဘေကို မောင်နဲ့ စကားပြောဖို့ ကလွဲရင် ကပ်စေးနည်းတတ်တယ်နော်...."

"သေနာမ......"

သူ့ရှေ့မှာ တောင် ပြောထွက်သွားသောစကားမို့ သူသဘောကျသွား၏။ အေးလေ ငယ်သူငယ်ချင်းတွေပဲဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့...။

ဝိုင်က မျက်စောင်းထိုးကာ ဖုန်းချသွားတော့ မိုးဟေသုက သူ့ကို သဘောကျစွာပြုံးပြလိုက်၏။

"သူနဲ့ ကျွန်မက အဲ့လိုပဲမောင်ရဲ့ ပြောမနာဆိုမနာတွေလေ ငယ်ငယ်ကတည်းက ပေါင်းလာရတာဆိုလို့ သူရယ်ထွန်းထွန်းရယ်ပဲရှိတာ ထွန်းထွန်းခများလည်း လေ ဝဋ်ပဲသိလား သူ့ကိုလုံးဝချစ်လို့ မရပါဘူးလို့ ပြောထားတဲ့ ဝိုင့်ကိုမှ တန်းတန်းစွဲဖြစ်နေရှာတာ... သူ့ခများ သူငယ်ချင်းဆိုတဲ့ စည်းကို မနည်းအားတင်းကျော်ပြီး ဝိုင့်ကိုချစ်တယ်လို့ ပြောခဲ့တာလေ...
"

ဟေသုစကားကို သူဘာမှ ပြန်မပြောမိ။ ပြုံး၍ သာ ချစ်သူကိုကြည့်နေလိုက်သည် ။ ထွန်းထွန်းဆိုသော သူတို့ သူငယ်ချင်းကိုလည်း သူနှစ်ခါလောက် ဟေသုမိတ်ဆက်ပေးလို့ ဆုံဖူးပါသည် ။

ထွန်းထွန်းက ရဲလုပ်ရတာကို ငယ်ငယ်လေးကတည်းက ဝါသနာပါတာမို့ ဆယ်တန်းအောင်ကတည်းက တက္ကသိုလ်ကို အဝေးသင်ပဲဆက်တတ်ပြီး ရဲထဲကို အိမ်ကတားထားတဲ့ ကြားကနေ မရရအောင်ဝင်ခဲ့တာတဲ့ လေ...။

***

ရေချိုး အဝတ်စားလဲပြီးနောက် မိုးဟေသု အိပ်ရာပေါ်သို့လှဲလိုက်တော့ ညရှစ်နာရီကျော်နေပြီ။

ဒီနေ့ညစာကို မောင့်အိမ်မှာ ပဲစားခဲ့တာရယ် ထမင်းစားပြီးနောက် မောင့်မေမေနဲ့ စကားပြောခဲ့တာတွေရယ်ကြောင့် မိုးဟေသု ဒီနေ့ အိမ်အပြန်နောက်ကျခဲ့ရပေမယ့် မေမေက တစ်ချက်ကလေးမှ မဆူခဲ့။

မောင်တို့ အိမ်သွားသည် ဆိုကတည်းက မေမေကစိတ်ချသည် လေ။ သမီးမရှိတဲ့ တစ်ဦးတည်းသော သားတစ်ယောက်မိခင် မောင့်မေမေသည် လိမ္မာယဉ်ကျေးပြီး မြန်မာဆန်ဆန်နေထိုင်သောသူမကို သမီးအရင်းကလေးတစ်ယောက်လိုချစ်၏။ မောင်နဲ့ သူမ ဘယ်လိုပြဿနာတွေဖြစ်ခဲ့ဖြစ်ခဲ့ မောင့်မေမေသည် သူမဘက်ကသာ အမြဲတမ်းရပ်တည်ခဲ့သည။ သူမနှင့်ပတ်သက်ပြီး မောင့်မေမေသည် လည်း သူမမေမေနှင့် ရင်းနှီးနေခဲ့ပြီ။ ရိုးသားပြီးတည်ငြိမ်သော အေးဆေးသော မောင့်ကိုလည်း တစ်ဦးတည်းသော သမီးတစ်ယောက်ရဲ့ မိခင်က သားအရင်းလေးတစ်ယောက်လို ချစ်ခဲ့သည် ပဲ။ သူမတို့ ၏ ချစ်သူသက်တမ်းတစ်လျှောက်လုံးက အေးချမ်းခဲ့သလို ဖြောင့်ဖြူးသာယာခဲ့ပါသည် ။ ဘယ်လိုအနှောင့်အယှက်မျိုးမှ မှ မတွေ့ကြုံခဲ့ရ....။

မောင့်ကိုချစ်သည့်အချစ်တွေ သစ္စာတွေနဲ့ နှစ်ဦးကိုယ်စီလျှောက်လှမ်းခဲ့ကြတာ ချစ်သူသက်တမ်းတောင် နှစ်နှစ်နီးပါးရှိနေခဲ့ပြီပဲလေ...။

မောင့်ဆီကို ဖုန်းလှမ်းဆက်လိုက်ပါဦးမယ်လေဆိုပြီး ဖုန်းလေးကို လှမ်းကိုင်ရန်ရွယ်လိုက်တော့ တိုက်ဆိုင်စွာပဲ ဖုန်းကလေးကမြည်လာ၏ ။

ဝိုင့်ဆီကမို့ သူမ ပြုံးလိုက်ကာ....

"ကဲ ဆိုစမ်းပါဦးမိန်းမ ညကြီးအချိန်မတော် ကျုပ်ဆီကို ဖုန်းမဆက်စဖူး အဆက်ထူးလို့ ......"

"ဟယ် သတိရလို့ ဆက်တာပေါ့ ပြီးတော့ နေ့လည်က နင့်ဘဲရှိတော့ စကားအေးအေးဆေးဆေး မပြောလိုက်ရဘူးလေ.... အဲ့ကြောင့်ပါ...."

"အင်း.... နင်အဲဒီမှာ ကျောင်းတက်ရတာ အဆင်ပြေတယ်မလား"

"ပြေပါတယ်... ဒါနဲ့ ငါမေးမလို့ ..."

"အင်း မေးလေ ဘာကိစ္စလဲ..."

"နင့်ကောင်နဲ့ နင်က ဘယ်အခြေအနေထိရောက်နေကြပြီလဲ..."

"အင်း ဒီညတော့ တော်တော်လေးထူးဆန်းနေတာသေချာပြီ အရင်တုန်းကဆိုရင် ငါ့ချစ်သူအကြောင်းကိုပြောဖို့ ပါးစပ်ဟတာတောင် သူ့အကြောင်းတွေချည်းပဲ ရေပက်မဝင်အောင်ပြောနေတာ...."

"နင်ကလည်း ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်ရဲ့ အကြောင်းပဲ သိသင့်တယ်လို့ ယူဆလို့ ပေါ့... ပြီးတော့ နင်က ငယ်ငယ်ကတည်းက နုံနုံအအနဲ့ လေ တော်ကြာ အခုခေတ်က လူလည်ယောကျ်ားတွေကများ တာနဲ့ နင်ခံရမှာ စိုးလို့ ပြောတာ...."

"မောင်က နင်ထင်သလိုယောကျ်ားမျိုး မဟုတ်ပါဘူးဝိုင်ရယ်...."

"ယောကျ်ားတွေကို ယုံကြည်လွယ်တာ ခပ်နုံနုံမိန်းမတွေရဲ့ အလုပ်ပါ ဟာ နင်မနုံစမ်းပါနဲ့ .... နင်တို့ ဘာညာဘာညာရော ဖြစ်ပြီးကြပြီလား... ."

"ဘာ ဘာညာဘာညာလဲ...."

"အဲဒါကြောင့်ပြောတာပေါ့ နင်က နုံနုံအအ မအူမလည်ပါဆို...."

"ငါမေးတာက နင်နဲ့ သူ ဟိုဟာ...."

"ဟယ် ငါသဘောပေါက်ပြီ နင်ဆက်မပြောနဲ့ တော့ဝိုင် အမလေး ငါနားရှက်လိုက်တာနော် နင် နင်ငါ့ကို ဘယ်လိုမေးလိုက်တာလဲဟင်ဝိုင်....
"

"အမလေးနော် ဒါလေးမေးတာကို ဖြစ်နေလိုက်တာ အခုခေတ်က နှစ်ဆယ့်တစ်ရာစုနော် မိုးဟေသု နင်ပညာရှိစမ်းပါ...."

"ဟယ် မရှိနိုင်ပါဘူး ငါက မောင်နဲ့ ဘာကိုဘာညာရမှာ လဲ မောင်နဲ့ ငါက လက်မှ လက်မထပ်ရသေးတာ မောင်ကလေ အခုချိန်ထိ ငါ့ပါးလေးကိုနမ်းတာကလွဲရင် ဘာမှ အခွင့်အရေး အတင်းအကြပ်မတောင်းဆိုဖူးပါဘူး.... ပြီးတော့ မောင်က ငါထင်တယ် အဲ့လိုတောင်းဆိုမယ့်လူလည်း မဟုတ်ပါဘူး"

"အမလေး တော်ပါသေးရဲ့ ..."

"ဘာကိုလဲ...."

"ဘာမှ မဟုတ်ပါဘူး... ဒါဆို နင့်ရဲ့ မောင်က လူပျိုစစ်စစ်ပေါ့...."

"ဒါပေါ့..."

"တုံးအလိုက်တာ...."

"အံမယ် မောင့်လိုယောက်ျားမျိုး ဒီခေတ်မှာ နင်ရှာကြည့်ပါလား.... အခုခေတ်က ရတာနဲ့ နှိုက်စားမယ်ဆိုတာချည်းပဲ...."

"သူများကနှိုက်စားတယ်ဆိုတာ ကိုယ်က အဖုံးဖွင့်မှ ရတာပါဟေသု ရယ် နင်အပိုတွေပြောမနေပါနဲ့ .... ဒါနဲ့ နင်တို့ နှစ်ယောက်က လက်ထပ်ဖို့ လုံးဝသေချာပြီလား...."

"အင်း သေချာတယ် ငါနဲ့ မောင် လက်ထပ်မယ်ဆိုတာ ငါ့မိဘတွေလည်း သဘောတူသလို မောင့်မိဘတွေကလည်း သဘောတူတယ် ပြီးတော့ မောင့်မေမေက ငါ့ကို သမီးအရင်းတစ်ယောက်လိုချစ်သလို ငါ့မေမေကလည်း မောင့်ကို သားလေးအရင်းတစ်ယောက်လိုချစ်ပါတယ် ဖေဖေကဆိုရင် မောင်အိမ်ကိုလာတိုင်း အရေးတယူစကားပြောပေးတာလေ အခုတောင် ငါမောင်တို့ အိမ်ကနေ ညစာစားပြီးပြန်လာတာ..."

ဝိုင့်ဘက်မှ ချက်ချင်းစကားပြန်မလာသေးဘဲ တဒင်္ဂကြာမှ

"သူများ သားသမီးတွေများ သာယာလိုက်တာ.... ဒါဆို နင်တို့ လက်ထပ်ဖို့ က သေချာနေပြီပေါ့...."

"ဒါပေါ့.... မြေကြီးကိုလက်နဲ့ ပုတ်တာကမှ လွဲချင်လွဲဦးမယ် မောင်နဲ့ ငါ့မင်္ဂလာပွဲကတော့ ဘယ်လိုမှ မလွဲနိုင်တော့ဘူး.... နင်ရော ချစ်သူအတည်မထားသေးဘူးလား..."

ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲတတ်သော ဝိုင့်အကြောင်းကို မိုးဟေသု အသိဆုံးမို့ မေးလိုက်ခြင်းပါ...။

"ဒီကကောင်တွေက အလကားပါဟာ... ပြီးတော့ ငါယောကျ်ားလည်း မယူချင်သေးပါဘူး... ရည်းစားထားရတာပဲ ပျော်စရာကောင်းတယ်...."

"ဟဲ့မိန်းမ ငါတို့ က ယောကျ်ားလေးတွေလို မဟုတ်ဘူး နှော်ကျောင်းတက်တုန်းကလေးပဲ အခွင့်အရေးရကြတာ ကျောင်းပြီးလို့ စီးပွားရေးလောကထဲရောက်သွားရင် ဟိုထိန်းရ ဒီထိန်းရ ဟိုင့်ရဒီင့်ရ အလုပ်ကိစ္စနဲ့ ချစ်သူကောင်းကောင်း တစ်ယောက်ရဖို့ က ကျောင်းသားဘဝလောက်မလွယ်တော့ဘူး...."

"ယောကျ်ားတစ်ယောက်ရဖို့ ငါ့ရဲ့ နုနယ်တဲ့ ဘဝကိုတော့ အချုပ်ချယ်မခံနိုင်ပါဘူး... ငါက ငါ့ကိုယ်ငါဦးဆောင်ရတာကိုပဲကြိုက်တယ် ယောကျ်ားတွေက ချစ်သူချောချောလေးတစ်ယောက် ရထားလို့ ရှိရင် နေရာတကာစိတ်မချရတာနဲ့ သဝန်တိုရတာနဲ့ စိတ်ကျဉ်းကျပ်လွန်းပါတယ် ငါက ငါ့ဘဝအတွက် ဘယ်ယောကျ်ားကိုမှ အားမကိုးချင်ဘူး...."

"အဲ့လိုလည်း မဟုတ်ဘူး လေ နင်ကလည်း ယောကျ်ားဆိုတာ..."

"ကဲတော်ပြီ မယ်မင်းကြီးမ ငါနင့်ကိုသတိရလို့ ဖုန်းဆက်တာ နင့်ဝါဒီတွေနားထောင်ဖို့ မဟုတ်ဘူး ယောကျ်ားတွေအကြောင်းကို နင့်ထက်ငါ ပိုသိပါတယ်မိုးဟေသုရယ် တကယ်တော့ ယောကျ်ားတွေဆိုတာ လောလောဆယ်တော့ ငါ့အတွက် စိတ်အပန်းဖြေရာအရုပ်တစ်ခုအနေနဲ့ ပဲ ရှိသေးတယ်.... ဒါပေမဲ့ အင်း..."

"ဘာလဲ...."

"တော်ပါပြီ မပြောတော့ပါဘူး.... ဘိုင့်ဟာ နင်ပင်ပန်းလာတယ်မလား နားတော့ ငါနောက်မှ ပဲ ဖုန်းထပ်ဆက်တော့မယ်... ဒါနဲ့ နင်တို့ ကဘယ်တော့လောက်လက်ထပ်ဖြစ်မှာ လဲ...."

"တစ်နှစ်နီးပါးလောက်တော့လိုသေးတာပေါ့... ငါတို့ က ဒီနှစ်နောက်ဆုံးနှစ်ဆိုပေမယ့် ပထမပိုင်းပဲရှိသေးတာလေ ကျောင်းပြီးတာနဲ့ လက်ထပ်ကြမယ် လက်ထပ်ပြီးမှ အလုပ်အတူတူလုပ်ကြမယ်လေ မေမေက ငါတို့ ကို သူ့ဆိုင်တွေထဲကတစ်ဆိုင်ကို လက်ဖွဲ့ပေးမယ်တဲ့ ..."

"ကောင်းပါတယ် ရွှေဆိုင်ပဲဆက်ဖွင့်ကြပေါ့... ကဲပါ ဒါပဲ...."

ဝိုင့်ဘက်မှ ဖုန်းချသွားသည် နှင့် တစ်ပြိုင်နက် မောင့်ဆီကဖုန်းက ချက်ချင်းဝင်လာသည် ။ သူမ ပြုံးမိလိုက်၏။ ဖုန်းမအားနေတာကြာပြီမို့

မောင်ခေါ်နေတာလည်း ကြာနေလောက်ပြီထင်တယ်...

အင်း စစ်ဆေးရေးတွေတော့ ဝင်ဦးတော့မှာ ပဲ.... နပ်ပျိုနေတဲ့ အချိန် ငယ်ရွယ်တဲ့ အချိန်မှာ အချုပ်ချယ်ခံရတယ်ပဲပြောပြောဝိုင်။ အဲဒီစစ်မှန်တဲ့ အချစ်ရဲ့ အရသာကို နင်မှ မခံစားဖူးတာ အဲဒီချုပ်ခြယ်မှုလေးတွေက ဘယ်လောက်အထိ ကြည်နူးဖို့ ကောင်းတယ်ဆိုတာ နင်မှ မသိတာ။ မောင်ကငါ့ကို ချုပ်ချယ်တယ်ဆိုတာ ငါ့ကိုချစ်လို့ လေ...။ ချစ်လို့ ပေါ့...။

သူမ ပြုံး၍ မောင့်ရဲ့ စစ်မေးချက်တွေကိုဖြေရန် ဖုန်းကလေးကို ကိုင်လိုက်တော့သည် ။

"ဟယ်လိုမောင်...."

***

"ဒီမှာ ကြည့်ပါဦးဟေသုရယ် ချစ်စရာကောင်းလိုက်တာကွာ..."

မောင်က facebook သုံးနေရင်းမှ ပြလာသောပုံလေးတွေကို မိုးဟေသု ကြည့်လိုက်သည်။ ချစ်စရာကလေးလေးပုံကလေးတွေ...

"ဟယ် ချစ်စရာလေးတွေတော့် မောင်ကြည့်စမ်း ဒီပုံကလေးကို အားရပါးရ ရယ်နေလိုက်တာ သိပ်ကိုအပြစ်ကင်းစင်တာပဲ..."

မောင်ပြသည့်ပုံတွေထဲမှ အင်္ကျီအနီကလေးနှင့် ပန်းသီးကလေးကိုင်ကာ အားရပါးရ အော်ရယ်နေသော ကလေးလေးပုံကိုကြည့်ကာ ပြောလိုက်ခြင်းမို့

"ဟုတ်ပ မောင့်ကိုလည်း အဲဒီလိုချစ်စရာကလေးလေးတစ်ယောက်လောက်တော့ မွေးပေးရမယ်နော်..."

"မွေးပေးမှာ ပေါ့မောင်ရဲ့ တစ်ယောက်မကဘူး မွေးပေးဦးမှာ ... တစ်ယောက်ထဲဆိုရင် ဟေသုရဲ့ ကလေးလေး ပျင်းနေမှာ ပေါ့ မေမေတို့ က ဟေသုတစ်ယောက်ထဲကိုမွေးခဲ့တာ ဘယ်လောက်ပျင်းစရာကောင်းလဲ သူများ မောင်နှစ်မတွေ ကစားနေတာကိုပဲ ဟေသုတို့ ငေးကြည့်ခဲ့ကြရတာ တော်သေးတယ် ဝိုင်တို့ ထွန်းထွန်းတို့ ရှိလို့ နို့မို့ပျင်းစရာကြီး တိုင်ပင်ဖော်လည်း မရှိ ကစားဖော်လည်း မရှိနဲ့ ...."

"အင်း ဟုတ်တယ်နော် မောင်လည်း တစ်ဦးတည်းသောသားဖြစ်ရတာကို မကြိုက်ဘူး နည်းနည်းအထီးကျန်သလိုပဲ..."

"ဟုတ်တယ်မောင် ဒါကြောင့် ဟေသုကတော့ အနည်းဆုံး သုံးယော

က်လောက်ယူမယ်လို့ စိတ်ကူးထားတယ် တော်ပါပြီ သုံးယောက်ပဲ ဒီ့ထက်ပိုလည်း မကောင်းဘူး အဲဒီသုံးယောက်ရဲ့ ဘဝလေးတွေကိုပဲ တိုးတက်အောင် ပြုစုပျိုးထောင်ပေးမယ်..."

"ဟေသုစိတ်ကူးထားတဲ့ ဘဝလေးကလေ သိလားမောင်..."

ဆိုတော့ မင်းလုလင် ဘာမှ မပြောတော့ဘဲ ချစ်သူ၏ မျက်နှာကလေးကိုသာ ဒီအတိုင်းကလေးသာ ငြိမ်ပြီးကြည့်နေလိုက်သည်။

အဆိပ်ကင်းပါသော ချစ်သူ၏ မျက်နှာကလေး။ ပြီးတော့ စိတ်ကူးကလေးများ သည် သိပ်ကိုအေးချမ်းလွန်းပါသည်။

"မောင်နဲ့ အတူတူနေတဲ့ အချိန်ကြရင်လေ မောင်ကြိုက်တတ်တဲ့ ဟင်းလေးတွေကိုပဲ ဟေသုချက်မယ် မောင်မနက်အလုပ်ကိစ္စနဲ့ အပြင်ထွက်ရင် မောင်ဝတ်ဖို့ အတွက် အဝတ်အစားတွေစီစဉ်ပေးမယ် ပြီးတော့ မောင့်ရဲ့ နေ့လည်စာကိုလည်း ဟေသုကိုယ်တိုင် ပြင်ပြီးထည့်ပေးလိုက်မယ် ပြီးရင် မောင်မရှိတဲ့ အချိန်မှာ အိမ်သန့်ရှင်းရေးတို့ ဘာတို့ လုပ်စရာရှိတာတွေလုပ်မယ် ပြီးရင် မောင်ပြန်လာရင် မောင့်ကိုကြိုမယ် ကလေးလေးတွေရလာခဲ့ရင်တော့ ဟေသုအတွက် အလုပ်တွေပို လာပြီပေါ့မောင်..."

"ကလေးလေးတွေရလာရင် ဟေသုပင်ပန်းမှာ ပေါ့..."

"အို.... အဲဒါကို ပင်ပန်းတယ်လို့ ဘယ်ပြောလို့ ရမလဲမောင် အဲဒါအိမ်ထောင်မှုတစ်ခု ပြီးတော့ မိသားစုဆိုတဲ့ အသိုက်အမြုံကလေးကို မြတ်နိုးတဲ့ မိန်းမတွေရဲ့ တန်ဖိုးအထားဆုံးအလုပ်တွေပဲလေ ကိုယ်ကိုယ်တိုင်ကပဲ မြတ်နိုးတန်ဖိုးထားလို့ လားမသိဘူး ပင်ပန်းတယ်လို့ လည်း မယူဆပါဘူး ယူဆမိမယ်လည်း မထင်ဘူး... ဟေသုဟာ ဦးဆောင်ဦးရွက်ပြုချင်တဲ့ စိတ် မရှိဘူးပဲပြောပြော ခေတ်နောက်ကျတယ်ပဲပြောပြောပါ

မောင့်အနောက်မှာ ပဲ မောင့်ရဲ့ ပါရမီဖြည့်ဖက်တစ်ယောက်အနေနဲ့ ပဲ ရပ်တည်ချင်တာပါ... မောင်စိတ်ချမ်းသာရင် ပြီးတော့ ဟေသုတို့ ရဲ့ မိသားစုဘဝလေး အေးချမ်းတယ်ဆိုရင်ပဲ ဟေသု ကျေနပ်ပါပြီမောင်....."

သူ မိုးဟေသုရဲ့ ကိုယ်ကလေးအား သိုင်း၍ ဖက်တွယ်လိုက်၏။ ပြီးနောက် လည်ကုပ်ကလေးအား မက်မက်မောမော နမ်းရှိုက်လိုက်သည် ....။

သည် လိုနမ်းရှိုက်တဲ့ အရသာကို သူမက်မောလွန်းပါသည် ။ မိုးဟေသုရဲ့ ကိုယ်သင်းရနံ့ကလေး ပြီးတော့ သူမသုံးနေကျ ESTEE LAUDER Sensuous ရေမွှေးနံ့သင်းသင်းကလေး...

သည် ရနံ့တွေကို သူမက်မောပါသည် ။ ညှို့ဖျင်းလွန်းတာလား ဒါမှ မဟုတ် ကိုယ်ကိုယ်တိုင်ကပဲ ညှို့ဖျင်းလွန်းတာလားမသိ။ အခုချိန်ထိ ဟေသုရဲ့ နှီစွေးစွေး နှုတ်ခမ်းနှစ်လွှာကို သူ မနမ်းဖူးသေး...။

နမ်းဖို့ တစ်ခါတစ်လေ အားယူကြည့်ဖူးပါသည် ။ ထိုအခါတိုင်း ကြောက်ရွံ့ပြီး အသားကလေးတွေ တဆတ်ဆတ်တုန်သည် အထိ ကြောက်ရွံ့သွားတတ်သော မိုးဟေသုကို သနားသဖြင့် သူဆက်ပြီးမတိုးတော့ဘဲ အဲဒီအစီအစဉ်ကို စွန့်လွှတ်ပစ်လိုက်ရတာ ခဏခဏပါပဲ။

မိုးဟေသုကို မနမ်းရပေမယ့် သူကျေနပ်ပါသည် ။ လူပျိုစင်စင်ယောက်ျားတစ်ယောက်ရဲ့ ဘဝကို ကိုယ်နဲ့ တစ်ဘဝလုံးစာအတွက် လက်တွဲသွားမယ့် မိန်းမတစ်ယောက်ထဲကိုသာ ပေးချင်တဲ့ ဆန္ဒကို ငယ်ငယ်လေးကတည်းကရှိခဲ့တဲ့ သူ့အဖို့ အပျိုစင်စစ်စစ် မိန်းကလေးတစ်ယောက်ကိုလည်း ပြန်ပြီးရမယ်ဆိုတော့ ကျေနပ်ပါတယ်...။

မိန်းမပီသတဲ့ ....။ ပြီးတော့ အိန္ဒြေကြီးတဲ့ ...။ ထို့နောက် မိမိဂုဏ်သိက္ခာကို တန်ဖိုးထားတတ်တဲ့ မိန်းမတစ်ယောက်ကို ဘဝတစ်သက်စာလုံး

လက်တွဲသွားရမယ့် ကိုယ့်ကံကြမ္မာပဲလေ…။

"မောင်ဟေသူ့ကို အရမ်းချစ်တယ်ကွာ…"

ဆိုတဲ့ တီးတိုးလေသံမျှကိုသာ သူဆိုလိုက်ပါသည် …။ ပြီးနောက် သူမကိုယ်ကလေးအား ပို၍ တင်းကျပ်စွာ ဖက်တွယ်ထားလိုက်မိတော့၏။

***

"ဒေါက်ဒေါက်… ဒေါက်ဒေါက်…."

ခပ်ကြမ်းကြမ်းနှင့် ခပ်စိပ်စိပ်ခေါက်လိုက်သော တံခါးသံကြောင့် အိပ်ရာထက်မှ အိပ်မှုန်စုံမွှားနှင့် မိုးဟေသု ခေါင်းကလေးလှမ်းထောင်ကြည့်လိုက်ပြီး

"ဘယ်သူလဲ…."

"ဒေါက်ဒေါက် ဒေါက်ဒေါက် ဒေါက်ဒေါက်…."

သူမအမေးကို အခန်းအပြင်ဘက်ကပြန်မဖြေဘဲ တံခါးကိုသာ အဆက်မပြတ်ခေါက်နေ၏။

မေမေတော့မဖြစ်နိုင်။ မေမေက အခန်းတံခါးကို သည် လို ဘယ်တော့မှ မခေါက်။ ဒေါ်ယုလည်း မဖြစ်နိုင်။ ဖေဖေဆိုပိုဆိုး….။ သူမအခန်းတံခါးကို တစ်လနေလို့ တစ်ခါလာမခေါက်။ ခေါက်ရင်လည်း ညှင်ညှင်သာသာကလေး….။

သူမ ကုတင်ပေါ်မှ လူးလဲထကာ အခန်းတံခါးဆီလျှောက် လာပြီး ဖွ

င့်လိုက်တော့ သူမအခန်းရှေ့မှာ လက်ပိုက်ပြီးရပ်၍ သူမကိုကြည့်ကာ ပြုံးပြီးရပ်နေသော ဝိုင့်ကိုတွေ့လိုက်ရသဖြင့်

"ဘုရားရေ ဝိုင်...."

အံ့ဩလွန်းသဖြင့် မျက်လုံးများ ဝိုင်းစက်ကာ ကြောင်ငေးကြည့်နေမိသော သူမအား ဝိုင်က ဘာမှ ပြန်မပြောဘဲ ပြုံးရယ်ပြနေတော့ သူမ ကိုယ့်အသားကိုကိုယ် ဆွဲဆိတ်လိုက်၏။

"အလား နာလိုက်တာ အိပ်မက်လည်း မဟုတ်ပါဘူး... နင် နင်ပြန်လာတာလားဝိုင်...."

"ဒါပေါ့..."

"ဟယ်... တကယ် အမလေး.... ပျော်လိုက်တာ...."

သူမ ဝိုင့်ကိုယ်လေးအား အားရဝမ်းသာ ပွေးဖက်လိုက်၏။

"ငါနင့်ကိုလွမ်းလိုက်တာဝိုင်ရယ်.... နင်ကလေ မပြောမဆိုကြီးဟယ် ပြောရင်ငါတို့ လာကြိုမှာ စိုးလို့ လား..."

"နင်တို့ ကို ရုတ်တရက်ဝမ်းသာစေချင်လို့ ပါဟာ..."

သူမကိုယ်ကလေးအား ခွာလိုက်ပြီး...

"ထွန်းထွန်းရော သိပြီးပြီလား..."

"မသိသေးဘူး ငါခဏနေမှ သူ့ဆီကိုသွားမယ်လေ...."

"ဟယ် သူအရမ်းပျော်သွားမှာ သိလား သူနင့်ကိုအရမ်းလွမ်းနေတာ ..."

"အပိုပါဟာ သူက သူ့ကောင်မလေးတွေနဲ့ ပဲ ရှုပ်နေမှာ ပါ..."

"မထင်နဲ့ .... သူက ဘယ်ရည်းစားမှ မထားဘူး သူ့အလုပ်နဲ့ သူကို ရှုပ်နေတာ ပြီးတော့ နင့်ကိုပဲစောင့်နေတာတဲ့ ..."

"မယုံပါဘူး..."

"ဟယ် တကယ်ဟဲ့ မယုံရင် နင်ကြည့်ကြည့်လိုက် သူနင့်ကို တကယ်စောင့်နေတာ... လာအထဲဝင်..."

သူမ ဝိုင့်ကိုအခန်းထဲခေါ်ခဲ့တော့ ဝိုင်က ကုတင်ပေါ်မှာ ထိုင်လိုက်သဖြင့် သူမက မှန်တင်ခုံရှေ့မှာ ထိုင်လိုက်သည်။

"ပြောစမ်းမိန်းမ ငါ့အတွက် ဘာပါခဲ့လဲ..."

"ပါတာပေါ့... နင်အားတဲ့ အချိန်ကျမှ ငါ့အိမ်မှာ လာယူတော့..."

"နင်ဒီမှာ ဘယ်လောက်ကြာဦးမှာ လဲ..."

"ကြာမယ်လို့ တော့ထင်တာပဲ ဟိုမှာ က ကျောင်းကခဏပိတ်ထားတာလေ နေရတာလည်း ပျင်းလာလို့ ပြန်လာတာ..."

"ဟယ် ထွန်းထွန်းတော့ပျော်ရှာမှာ ..."

"နင်ကလည်း တစ်ဆိတ်ရှိ ထွန်းထွန်းကိုပဲပြောနေတာပဲ..."

"ဟဲ့ ပြောရမှာ ပေါ့ ရှိတာမှ ဒီသူငယ်ချင်းလေးသုံးယောက်ပဲကို .... ပြီးတော့ ငါက နင်နဲ့ ထွန်းထွန်းကို ညားစေချင်တာပါနော် ဒါမှ ငါတို့ သူငယ်ချင်းတွေ ဒီအတိုင်းလေးပဲဆက်နေလို့ ရမှာ ပြီးတော့ ထွန်းထွန်းက ငယ်ငယ်ကအတိုင်းပဲ အရမ်းလိမ္မာတာနော်..."

"ငါသူ့ကို ချစ်လို့ မရတာ နင်အသိဆုံးပဲကို...."

"ဒီမှာ မိန်းမ တစ်ခါတစ်လေ အချစ်ဆိုတာထက် အေးချမ်းတည်ငြိမ်တဲ့ ဘဝကလေးကို အရင်ဖန်တီးသင့်တယ် အေးချမ်းတည်ငြိမ်သွားရင်

ငြိမ်းချမ်းတဲ့ အချစ်တွေက နောက်ကနေကပ်လိုက်လာပါတယ်နော်..."

"တော်ပါဟယ်... နင့်လိုပဲ ငါလည်း ငါချစ်တဲ့ လူနဲ့ ငါ့ဘဝကို ဖြတ်သန်းသွားချင်တာပေါ့...."

"ထွန်းထွန်းကချောပါတယ် အရင်ကနဲ့ တောင်မတူဘူး အခုက ယောက်ျားပီသပြီး ပိုတောင်ချောလာသေးတယ်..."

"အဲဒါတွေထားစမ်းပါ ... ငါတို့ သုံးယောက် ညစာစားဖို့ စီစဉ်ထားတယ်.... နင်ဘယ်မှာ စားချင်လဲ... အေးအေးဆေးဆေး စကားလည်း ပြောလို့ ရတဲ့ နေရာပေါ့...."

"ငါသိတယ် ငါမောင်နဲ့ စားနေကျဆိုင်ရှိတယ် အေးအေးဆေးဆေးနဲ့ ကန်ရေတဖွဲ့ဖွဲ့နဲ့ ထိုင်လို့ အရမ်းကောင်းတာပဲ အင်းလျားစောင်းက ကြက်ချဉ်စပ်ဆိုင်လေ..."

"အင်း... ကောင်းသားပဲ.... ငါထွန်းထွန်းကိုဝင်ခေါ်ခဲ့မယ် လူကြီးတွေမပါကြေးနော် ငါတို့ ပဲ လွတ်လွတ်လပ်လပ် စကားပြောချင်လို့ နင့်မောင်ဆိုတာကြီးကလည်း ခေါ်ခဲ့လေ...."

"နင်မပြောလည်း ငါကခေါ်လာခဲ့မှာ ပါနော်...."

"ဘာလို့ ..."

"ငါတို့ နှစ်ယောက်က ခွဲလို့ မရတော့ဘူးလေ ဘယ်သွားသွားဘယ်လာလာ အတူတူပဲ မောင်နဲ့ အပြင်သွားရတာ ငါ့ကိုယ်ငါ လုံခြုံမှုရှိသလိုပဲခံစားရတယ်ဟ...."

"အမလေးမိပို ရန်ကုန်မြို့ကြီးမှာ နင့်ကိုဘယ်သူမှ ဆွဲလားရမ်းလားလုပ်လို့ မရပါဘူးဟယ်...."

"နင်ဆိုသည် မှာ လည်း လေနော် ချစ်သူရည်းစားကို မယ်မယ်ရရအ တည်လဲမတွဲဘူး တွဲတဲ့ လူကိုဆိုရင် ပိုတယ်ဆိုတာချည်းပဲပြောနေတာ သိပ်ကဲ့ရဲ့ တာပဲ...."

"ငါကမှန်တာပြောတာပဲ...."

"နင်မေမေနဲ့ တွေ့ခဲ့ပြီးပြီလား...."

"အင်း... အောက်ထပ်မှာ တွေ့ခဲ့တယ် မုန့်ဟင်းခါးချက်နေတာ ဝင် စားသွားဦးတဲ့ ...."

"ဟယ် မေမေမုန့်ဟင်းခါးလုပ်နေတာလား ငါတောင်မသိဘူး.... ဒါ ဆိုငါ ရေချိုးလိုက်ဦးမယ် အတူတူစားကြမယ်လေ...."

"တော်ပါဟယ် ငါဘယ်တုန်းက မုန့်ဟင်းခါးစားဖူးလို့ လဲ မကြိုက်ပါ ဘူး...."

"နင်ကလည်း ဒီကိုရောက်တုန်းရောက်ခိုက်လေးစားရတာကို ဟိုမှာ ရှိမှ မရှိပဲနဲ့ ...."

"မရှိလည်း ဘာဖြစ်လဲ ငါမကြိုက်တဲ့ ဟာမရှိတာပဲ... ငါပြန်တော့မ ယ် ငါတို့ တွေ ညစုံမယ်ဆိုတာ နင့်ကိုလာပြောတာ ထွန်းထွန်းကိုလည်း သွားပြောရဦးမှာ ...."

"အဟင်း ထွန်းထွန်းတော့ ရှုးတော့မှာ ပဲ ... ဒါနဲ့ ဘယ်အချိန်လဲ...."

"ရှစ်နာရီလောက်ပေ့ါ...."

"အင်း.... ငါနင့်ကို မောင်နဲ့ မိတ်ဆက်ပေးမယ်...."

"အင်းပါ .... ကဲ ငါပြန်တော့မယ်...."

"အင်း ငါလည်း ရေချိုးလိုက်ဦးမယ်...."

ဝိုင် သူမအခန်းထဲကထွက်သွားတော့ သူမရေချိုးရန်ပြင်တော့သည် ။ ပျော်လိုက်တာ....။

ငယ်ငယ်ကတည်းက မောင်နှစ်မလိုချစ်ရတဲ့ သူငယ်ချင်း ပြန်ရောက်လာတာ သူမအတွက်တော့ ပျော်ရွှင်စရာပါပဲလေ...

သို့သော် ဝိုင်လာခဲ့တာ သူမအတွက် ဆိုးသွမ်းသော အနာဂတ်တွေကိုသာ ဖန်ဆင်းစေဖို့ ဆိုတာ သူမသိခဲ့ရင်ဖြင့်....။

***